

# အချက်အလက်များ

# ဩစတြေးလျ ကျန်းမာရေးစနစ်ကို နားလည်ခြင်း

Burmese | ဗမာ

## HIV ဆရာဝန်တစ်ဦးရှာဖွေခြင်း

သင်၏ **HIV** ကို ကိုင်တွယ် ကုသခြင်းကို ကူညီပေးရန် သင်သည် **HIV** ဆရာဝန်တစ်ဦး လိုအပ်ပါသည်။ အထူးလေ့ကျင့်ထားသည့် ဆရာဝန်များသာ ၎င်းကိုလုပ်ဆောင်နိုင်ပါသည်။ သင့်ကို စစ်ဆေးပြီး ရောဂါအမည်တပ်ပေးသည့် ဆရာဝန်သည် **HIV** ဆရာဝန်တစ်ဦး မဟုတ်ပါက သင့်ကို **HIV** သင်တန်းဆင်း ဆရာဝန်တစ်ဦးထံ ပေးပို့ပါမည်။ သင်ဆန္ဒရှိပါက အခြားကျန်းမာရေးပြဿနာများအတွက် သင့်ဆရာဝန်ကို ပြသနိုင်ပါသေးသည်။ **HIV** ဆရာဝန်များသည် **HIV** ကို စီမံကိုင်တွယ်ရန်နှင့် ကုထုံးများနှင့်ပတ်သက်၍ လေ့ကျင့်ထားပြီး ၎င်းတို့ကသာ **HIV** ကုထုံးကို ညွှန်းပေးနိုင်ပါသည်။ သင့်တွင် **သင့်**ကိုယ်ပိုင် **HIV** အထူးကုဆရာဝန်ကို ရွေးချယ်ခွင့်ရှိပါသည်။

**HIV** အထူးကုဆရာဝန်များမှာ အောက်ပါတို့ဖြစ်နိုင်သည် -

- ဆေးရုံတစ်ခုရှိ ကူးစက်ရောဂါအထူးကုဆရာဝန်များ
- လိင်ကျန်းမာရေးဆေးခန်းရှိ ဆရာဝန်များ
- **HIV** ကုထုံးနှင့် စီမံမှုအတွက် သင်တန်းတက်ရောက်ထားသည့် အထွေထွေရောဂါကု ဆရာဝန်များ **(GPs)**၊ ၎င်းတို့ကို **S100** ဆေးညွှန်းသူများဟုလည်း ခေါ်သည်

# သင့် HIV ဆရာဝန်၏ တာဝန်

သင့်ဆရာဝန်သည် သင်၏ HIV ကို စီမံကိုင်တွယ်ပြီး ကုသရန်နှင့် သင်ကျန်းမာနေစေရန် သင်နှင့်အတူ လက်တွဲလုပ်ကိုင်ပါမည်။

### *သင့် HIV ဆရာဝန်ထံ ပထမဆုံးအကြိမ် သွားရောက်ပြသမှုများ*

သင်၏ ပထမဆုံးအကြိမ် သွားရောက်ပြသမှုတစ်ခုတွင် သင့် HIV ဆရာဝန်သည် -

- သင့်ကိုယ်ခံအား စနစ်ကို စစ်ဆေးပါမည် (CD4)
- သင်၏အထွေအထွေ ကျန်းမာရေးကို စစ်ဆေးပါမည်
- သင်၏ ဗိုင်းရပ်စ်ပမာဏ သွေးစစ်ဆေးမှု ပြုလုပ်ပါမည်
- ကုထုံးဆေးယဉ်ပါးမှုအတွက် စစ်ဆေးပါမည်။

၎င်းတို့က သင်၏ ရောဂါရှာဖွေမှု အသစ်နှင့်အတူ သင်၏ အထွေထွေ ကျန်းမာရေး၊ အခြားကျန်းမာရေး အခြေအနေများနှင့် သင့်ကို အထောက်အကူပြုမည့် ပံ့ပိုးမှုများအကြောင်းလည်း ဆွေးနွေးပါမည်။

### *သင့်ဆေးညွှန်းခြင်း*

သင့်တွင် HIV ရှိကြောင်း စစ်ဆေးတွေ့ရှိသည်နှင့် တတ်နိုင်သမျှ အမြန်ဆုံး ကုထုံးစတင်ရန် အကြံပြုပါသည်။ ယင်းမှာ CD4 အရေအတွက် နိမ့်သူ၊ HIV နှင့်ဆက်စပ်ရောဂါအခြေအနေတစ်ခုရှိသူနှင့် ကိုယ်ဝန်ရှိသူများအတွက် အလွန်အရေးကြီးပါသည်။ သင့်ဆရာဝန်သည် သင့်အတွက် မည်သည့်ဆေးဝါးသည် သင့်လျော်ကြောင်း သိရှိစေရန် သင်နှင့်အတူ ကုထုံးအကြောင်း ဆွေးနွေးပါမည်။

### *သင့်ကျန်းမာရေးကို စောင့်ကြည့်ခြင်း*

သင်၏ HIV ဆရာဝန်သည် ပုံမှန် သွေးစစ်ဆေးမှု ပြုလုပ်ခြင်းဖြင့် သင့်ကျန်းမာရေးကို စစ်ဆေးပါမည်။ သင့်ဆရာဝန်ကို မည်မျှလျှင်တစ်ကြိမ်တွေ့ရန်လိုအပ်သည်ကို ၎င်းတို့အား မေးပါ။ သင်သည် အစပိုင်းတွင် ဆရာဝန်နှင့် ပို၍မကြာခဏ တွေ့ရနိုင်ပြီး နောက်ပိုင်းတွင် လျော့သွားပါမည် (3 လတစ်ကြိမ်၊ 6 လတစ်ကြိမ် သို့မဟုတ် နှစ်စဉ်)။ နောက်ထပ်အချက်အလက်များအတွက် *သင့်ကျန်းမာရေးကို စောင့်ကြည့်ခြင်း* အချက်အလက်ကတ်ကို ကြည့်ပါ။

## သင်နှင့်သင့်လျော်သော ဆရာဝန်ကို ရွေးချယ်ခြင်း

သင် ဆွေးနွေးနိုင်မည့်၊ ယုံကြည်နိုင်ပြီး သင်၏ **HIV** ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့နှင့် လက်တွဲလုပ်ကိုင်နိုင်မည့် ဆရာဝန်တစ်ဦးကို ရှာတွေ့ရန် အရေးကြီးပါသည်။ သင်၏ **HIV** ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွင် **HIV** ဆရာဝန်တစ်ဦး၊ **HIV** သူနာပြုတစ်ဦး၊ **HIV** လူနာများကို ကူညီလမ်းညွှန်ပေးသူတစ်ဦး၊ စိတ်ပညာရှင်တစ်ဦး၊ လူမှုလုပ်သား သို့မဟုတ် အကြံပေးတစ်ဦးနှင့် အခြားသော ကျန်းမာရေးလုပ်သားများ ပါဝင်ပါသည်။

ပြသနေသော ဆရာဝန်တစ်ဦးနှင့်  မသင့်လျော်ဟု ခံစားရလျှင် သင်သည်ဆရာဝန် ပြောင်းလဲနိုင်ပါသည်။ သင်သည် ဆေးရုံ၊ လိင်ကျန်းမာရေးနှင့် **GP** ဆေးခန်းများကိုလည်း ပြောင်းလဲနိုင်ပါသည် သို့မဟုတ် ဤဆေးခန်းများရှိ ဆရာဝန်များကြား ပြောင်းလဲရန်လည်း တောင်းဆိုနိုင်ပါသည်။ ယင်းမှာ သင့်ရွေးချယ်မှုဖြစ်ပါသည်။

အချို့လူများတွင် ဆရာဝန်နှစ်ဦးရှိပြီး **HIV** ဆရာဝန်နှင့် အထွေထွေ ကျန်းမာရေးအတွက် **GP** တစ်ဦးဖြစ်သည်။ အခြားသူများတွင် **HIV** နှင့် ၎င်းတို့၏ အထွေထွေ ကျန်းမာရေးကို ကြည့်ရှုပေးသည့် **S100** ဆေးညွှန်း **GP** တစ်ဦးရှိပါသည်။

သင်သည် မဲလ်ဘုန်းမြို့ပြင်ပတွင် နေထိုင်ပါက သင့်နယ်မြေတွင် **HIV** စောင့်ရှောက်မှုအတွက် ရွေးချယ်စရာနည်းနိုင်သည်။ သင်သည် အတွင်းရေးလျှို့ဝှက်ခြင်းနှင့်ပတ်သက်၍လည်း စိုးရိမ်နိုင်ပါသည်။ **Living Positive Victoria HIV** လူနာများကို ကူညီလမ်းညွှန်ပေးသူတစ်ဦးက သင်နှင့်သင့်လျော်သော ဆရာဝန်တစ်ဦး ရှာဖွေရန် ကူညီပေးနိုင်ပါသည်။

### *သင့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို မည်သည်တို့ ပြောပြရမည်နည်း*

- သင်မည်သို့ခံစားနေရသည်
- သင်သောက်နေသည့် အခြားဆေးများ (ဆေးညွှန်းမပါသောဆေးများနှင့် ဖြည့်စွက်ဆေးများ အပါအဝင်)
- သင်စားသောက်သည့်အရာများ၊ ကော်ဖီ၊ အရက်၊ မူးယစ်ဆေးဝါးနှင့် ဆေးရွက်ကြီး သုံးစွဲမှု
- ပြောင်းလဲမှု သို့မဟုတ် စိုးရိမ်ပူပန်မှုများ၊ ဘေးထွက်ဆိုးကျိုးများ၊ အိပ်စက်မှု ပုံစံများ၊ စိတ်ခံစားမှုများ

## *သင့်ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အား မည်သည်တို့ကို မေးရမည်*

- ကျွန်ုပ် HIV ကုထုံး (မစတင်ရသေးလျှင်) စတင်သင့်ပါသလား။
- မည်သည့် ဘေးထွက်ဆိုးကျိုးများကို သတိထားရမည်နည်း။
- ဗိုင်းရပ်စ်ပိုး အရေအတွက် (သွေးတွင်းရှိ ဗိုင်းရပ်စ်ပမာဏ) မည်မျှနည်း။
- CD4 ပမာဏ (ကိုယ်ခံအားစနစ် လုပ်ဆောင်ချက်) မည်မျှနည်း။
- ကုထုံးအလုပ်ဖြစ်ပါသလား။ တစ်ခုခုကို ပြောင်းလဲရန် လိုအပ်ပါသလား။
- ကုထုံးနှင့် တုံ့ပြန်နိုင်သည့် ကျွန်ုပ်သောက်နေသော သို့မဟုတ် အသုံးပြုနေသော အရာတစ်ခုခု ရှိပါသလား။
- ကျန်းမာရေးနှင့် ကောင်းကျိုးသုခကို ပိုမိုကောင်းမွန်အောင် မည်သို့မြှင့်တင်နိုင်မည်နည်း။

## *ခရီးသွားခြင်း အထောက်အကူ*

**Victorian Patient Transport Assistance Scheme (VPTAS)** သည် ခရီးသွားခြင်းနှင့် နေထိုင်စရိတ်များကို ကူညီပေးနိုင်ပါသည်။ ယင်းမှာ အတည်ပြုထားသော ဆေးဘက်ဆိုင်ရာ အထူးကု ဝန်ဆောင်မှုများ သို့မဟုတ် အထူးကု သွားဘက်ဆိုင်ရာ ကုထုံးထံသို့ တစ်ကြောင်းလျှင် **100** ကီလိုမီတာအထက် သို့မဟုတ် တစ်ပတ်လျှင် ပျမ်းမျှ **500** ကီလိုမီတာအထက် ခရီးသွားရန် လိုအပ်သည့် ဗစ်တိုးရီးယား ကျေးလက်တွင် နေထိုင်သူများအတွက်ဖြစ်သည်။

**Thorne Harbour Health** ရပ်ရွာပံ့ပိုးရေးအဖွဲ့တွင် ဆေးဘက်ဆိုင်ရာ ရက်ချိန်းများ မသွားရောက်နိုင်သူများအတွက် သယ်ယူပို့ဆောင်ပေးသည့် စေတနာ့ဝန်ထမ်းများ ရှိပါသည်။

နောက်ထပ်အချက်အလက်များအတွက် အဆုံးရှိ **QR** ကုတ်ကို စကန်**(scan)** ဖတ်ပါ။

## အချက်အလက်များပိုမိုသိရှိရန်အတွက်

living positive victoria

ViiV Healthcare